(၆၅)

# ယောက်ဖဆိုတာ ဒီလိုပြောတာပါ

တစ်ခါက ရွာတစ်ရွာမှ အာရွှင်ရွှင်လူတစ်ယောက် မြို့သို့ တက်သွား၏။ မိုးရွာပြီးစ အချိန်မို့ မိုးရေရွှံ့ဗွက်များက အိုင်လျက် ရှိ၏။ ထိုသူအနားမှ စစ်ကားကြီးတစ်စင်း မောင်းသွားရာ ထိုသူအား ရွှံ့ဗွက်များ စင်သွား၏။ ဝတ်လာသော ပုဆိုးအသစ် ညစ်ပေသွားရာ စိတ်ဆိုးပြီး

"ယောက်ဖကလဲကွာ အရမ်းလုပ်တာပဲ" ဟု အော်လိုက်၏။ စစ်ကားကြီးက ထိုသူရှေ့ ငါးနှစ်ရိုက်ခန့်အကွာတွင် ကျွီခနဲ ထိုးရပ်သွား၏။ ကားထဲမှ စစ်ဗိုလ်တစ်ယောက် ဆင်းလာပြီး

"ဘယ်သူလဲကွ ခုနက ယောက်ဖလို့ပြောတာ" ဟုဆိုရာ ထိုသူ၏စကားကြောင့် စစ်ဗိုလ်ကြီးက ပြုံးပြီး ကားပေါ်ပြန်တက် သွား၏။ ထိုသူပြောလိုက်တာက

"ယောက်ဖဆိုတာ ကျွန်တော်ကပေးမှာကို ပြောတာပါဗျ" ဟူသတည်း။

☺